Special Advisory Council for
MYANMAR

# ပဲခူးတွင် ရက်စက်ကြမ်းကြုတ်ဖွယ်ရာ ဖြစ်ရပ်ကြီး ဖြစ်ခဲ့ပြီ ဖြစ်သောကြောင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အနေဖြင့် အရေးယူဆောင်ရွက်မှု ပြုရတော့မည်။

၂၀၂၁ခုနှစ် ဧပြီလ ၁၂ရက်။ ။

မြန်မာစစ်တပ်(ခေါ်) တပ်မတော်၏ စစ်သားများအနေဖြင့် ပဲခူးမြို့တွင် ပြုလုပ်ခဲ့သော စီးနင်းတိုက်ခိုက်မှုတစ်ခုတွင် အနည်းဆုံး ပြည်သူစုစုပေါင်း ၈၂ ဦးကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ပြုလုပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က  မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် တရားဥပဒေကင်းမဲ့ပြီး၊ အကြမ်းဖက်မှုအောက်တွင် ကျရောက်နေသော တိုင်းပြည်တစ်ပြည် ဖြစ်နေပြီဟု ပြောကြားလိုက်ပြီး၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် တောင်းဆိုလိုက်ပါသည်။

၂၀၂၁ခုနှစ်ဧပြီလ၉ရက်နေ့မနက် ဝေလီဝေလင်းအချိန်တွင် တပ်မတော်မှ စစ်သားများသည် ရန်ကုန်နှင့် မဝေးလှသော ပဲခူးမြို့ပေါ်ရှိဆန္ဒပြ ပြည်သူများ၏ သပိတ်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါသည်။ စစ်သားများသည် သပိတ်စခန်း တည်ရှိရာနေရာ တစ်ခုလုံးကို ဝိုင်းခဲ့ပြီး၊ ရှိရှိသမျှသော လူအားလုံးကို မရပ်မနားပစ်ခတ်မှု ပြုလုပ်ခဲ့ပါသည်။

စစ်သားများသည် ပစ်သတ်ခံလိုက်ရသူများ၏ ရုပ်အလောင်းများအား တရွတ်တိုက် ဆွဲယူသွားခဲ့ပြီး၊ စေတီပုထိုးဝင်းတစ်ခုထဲ၌ စုပုံထားခဲ့ပါသည်။ ထိုဝင်းထဲတွင်  ပစ်ခတ်မှုကြောင့် ဒဏ်ရာရနေပြီး၊ ဆေးကုသခွင့် ငြင်းဆန်ခြင်း ခံခဲ့ရသူများလည်း အတူ ရှိနေခဲ့ပါသည်။ စနေနေ့ မနက်မှာတော့ အလောင်းအားလုံးကို ထိုနေရာမှ ရွှေ့ပြောင်းပြီး ဖြစ်နေခဲ့ပါသည်။

"ပဲခူးမှာ ဖြစ်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ စိတ်ကူးထဲမှာ တွေးကြည့်ဖို့ တော်တော်ခက်ပါတယ်" ဟု SAC-M ၏ တည်ထောင်သူ တစ်ဦးဖြစ်သူ Yanghee Lee က ပြောပါသည်။ "ဝေလီဝေလင်းတိုက်ခိုက်မှုများ၊ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ အလောင်းပုံများ၊ အလောင်းများအား ရိုင်းစိုင်းစွာ ရွှေ့ပြောင်းမှုများ နှင့် သက်သေအထောက်အထားများအား ဖျောက်ဖျက်ခြင်း စသည်တို့ဟာ တပ်မတော်ရဲ့ နယ်မြေရှင်းလင်းရေး လုပ်ပုံကိုင်ပုံ များပဲဖြစ်ပါတယ်။ စစ်တပ်ဟာ သူတို့ကာကွယ်စောင့်ရှောက်ရမည့် ပြည်သူလူထုကို သူတို့ကိုယ်တိုင် လက်ရဲဇက်ရဲ အစွမ်းကုန် သတ်ပွဲ ဆင်နွှဲ နေပါတယ်။” ဟု သူက ဆက်ပြောပါသည်။

ပြည်သူများ၏ နေအိမ်များကို စစ်သားများက ဝင်စီးပြီး အရပ်သားများကို ဝင်ရောက်ဖမ်းဆီး ကာ ပြည်သူများ၏ ပိုင်ဆိုင်မှုများကို လုယက် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သော သောကြာနေ့ ညနေခင်းအချိန်တွင် ပဲခူးမြို့၌ နာရီပေါင်းများစွာ ကြာအောင် လျှပ်စစ်မီး ကိုဖြတ်တောက် ထားခဲ့ပါသည်။

"မြန်မာနိုင်ငံ ဟာ တရားဥပဒေကင်းမဲ့၍ အကြမ်းဖက်မှုသို့ ကျရောက်နေတဲ့ တိုင်းပြည်တစ်ပြည် ဖြစ်နေပါပြီ။" ဟု SAC-M အား ပူးတွဲတည်ထောင်သူ တစ်ဦးဖြစ်သူ Chris Sidoti က ပြောပါသည်။ "ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် သူ့ရုံးမှာ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အားလုံးကို အသုံးပြုပြီး သတ်ဖြတ်မှုတွေကို တားဆီးပေးရပါမယ်။" ဟု သူက ဆက်ပြောပါသည်။

SAC-M သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား မြန်မာနိုင်ငံ နှင့် အရှေ့တောင်အာရှရှိ ဒေသတွင်းနိုင်ငံများသို့ ကိုယ်တိုင်သွားရောက်ရန် တောင်းဆိုလိုက်ပါသည်။ အတွင်းရေးမှူးချုပ်အနေဖြင့် လုံခြုံရေးကောင်စီ အထူးအစည်းအဝေးတစ်ရပ်ခေါ်ယူသင့်ပြီး၊ လုံခြုံရေးကောင်စီအား မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ ကာကွယ်ပေးရန်တာဝန်ရှိမှု အစီအမံအတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုသင့်ပါသည်။

အနည်းဆုံးလူ ၈၂ဦး ပဲခူးမြို့သိမ်းတိုက်ပွဲမှာ ကျဆုံးခဲ့ပြီး၊ လူအများအပြားလည်း ပျောက်ဆုံးနေ လျက်ရှိပါသည်။ တပ်မတော်မှ အာဏာစတင်သိမ်းယူခဲ့သည့် အချိန်မှ စတင်ပြီး၊ ယခုအချိန်ထိ နှစ်လခွဲကျော်ကြာ ကာလအတွင်းတွင် လူအယောက် ၇၀၀ကျော် သတ်ဖြတ်ခြင်းခံခဲ့ရပြီး၊ လူပေါင်း၃၀၀၀ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ဖြစ်ပါသည်။

"စစ်အာဏာရှင်ဟာ နာရီတိုင်း လူသတ်နေပါတယ်။" ဟု SAC-M အား ပူတွဲတည်ထောင်သူ တစ်ဦးဖြစ်သူ Marzuki Darusman က ပြောပါသည်။

"ကျွန်တော်တို့ဟာ စစ်တပ် အနေဖြင့် သတ်ဖြတ်ဖျက်ဆီးမှုတွေ လုပ်နေတာကို ရပ်တန့်ဖို့ တောင်းဆိုပါတယ်။ ပါးစပ်နှင့်တောင် ပြောပြလို့မရနိုင်တဲ့ ခင်ဗျားတို့လုပ်ခဲ့တဲ့ လုပ်ရပ်ဆိုးတွေ အတွက် ခင်ဗျားတို့ကိုယ်တိုင် တာဝန်ခံပေးရမည့်နေ့ လာပါလိမ့်မည်။" ဟု သူကဆက်ပြောပါသည်။

**ပိုမိုသိရှိလိုပါက ဆက်သွယ်နိုင်ပါသည်။**

**Isabal Todd, SAC-M ညှိနှိုင်းရေးမှူး**

Email: **info@specialadvisorycouncil.org**
Website: **specialadvisorycouncil.org**
Facebook: **facebook.com/SpecialCouncil**
Twitter: **@SpecialCouncil**